နိဒါန်း

ရှေးခေတ်စာရေးဆရာသူပုန်များ

ဗမာစာပေ၏ အတ္ထုပ္ပတ္တိကို ကြည့်လျှင် ပင်ကိုဉာဏ်ကို အသုံးချ၍ ရေးသားထားသော စာပေအပိုင်းအစ အလွန်အလွန် ခေါင်းပါးသည်ကို တွေ့ရမည် ဖြစ်သည်။ ဗမာစာပေကိုကြည့်၍ အကဲခတ်ရလျှင် ဗမာလူမျိုးသည် ပင်ကိုဉာဏ် အနည်းဆုံး(ဝါ)ပင်ကိုယ်ဉာဏ်ကို မသုံးဆုံးသော လူမျိုးတစ်မျိုးဖြစ်သည်ဟု ဆုံးဖြတ်ရလေတော့မည်။

အကယ်၍ ဗုဒ္ဓဘာသာကြီးသည် ဗမာပြည်သို့ မန့်ပြား မထွန်းကားပါလျှင် ဗမာစာပေဟု မည်မည်ရရ ခေါ်နိုင်အောင် အခြေအနေသို့ မရောက်ဘဲသော်လည်း ရှိရမည်။ ဗေဒင်၊ လက်ဖွဲ့၊ အင်းအိုင်၊ မန္တရား။ ယုံတမ်းစကားများ မှီပေါက်၍ နေသော စာပေလျှင်လည်း ဖြစ်ရမည်။ သို့မဟုတ် ပင်ကိုယ်ဉာဏ်ဖြင့် စိုက်ပျိုးအပ်သော စာပေ ဥယျာဉ်တစ်ခုသော်လည်း ပေါက်ပွားနေပေမည်။ ယခုမူ ဗုဒ္ဓဘာသာတရားကြီး ပျံ့နှံ့မှုကြောင့် ပင်ကိုဉာဏ် ခေါင်းပါးသော(ဝါ)ပင်ကိုဉာဏ်ကို သုံးခွင့်မရသော တစ်ဆင့်ကူး စာပေဖြစ်လျက် နေရချေသည်။

ဗုဒ္ဓဘာသာကြီးကို ဗမာပြည်ကို ဆောင်ယူလာသော မဂဓဘာသာ(ဝါ) အများခေါ် အားဖြင့် ပါဠိဘာသာ(ဝါ)ဗုဒ္ဓဘာသာ စာပေမှာလည်း ကျယ်ဝန်းပြည့်စုံလှ၍ ရှေးလူတို့အဖို့ ဖူလုံလှသည် ဖြစ်ရကား ဗမာစာရေးဆရာတို့တွင် ကိုယ်ပိုင်ဉာဏ်ဖြင့် ထွင်၍ ရေးနေဖို့ မလိုခဲ့ချေ။ တောတောင် ချီးမွမ်းခန်းရေးလိုမူ ဝေဿန္တရာမှ ဟိမဝန္တာချီးမွမ်းခန်း ကာဠုဒါယီကပ္ပိလဝတ်ပြည် အပြန်လမ်း ချီးမွမ်းခန်း စသည်တို့ရှိပြီး အပျိုလှည့်ပုံ ရေးချင်မူ မဟောသဓာ သူ့ကိုယ်တိုင် လှည့်ပုံရှိပြီ။ ကျေးသားက သာလိကာမကို ပိုးပုံရှိပြီး ဇနကမင်းကြီး တည်တည်တံ့တံ့ ခန့်ခန့်ညားညား ယောက်ျားပီပီ စွန့်စား သွားပုံရှိပြီ။ လမင်းကို ချီးကျူးပုံ ရေးချင်လျှင် သာမညဖလသုတ်တွင် အဇာတသတ်မင်းကြီး ဥဒါန်းကျူးပုံရှိပြီ။ လမင်းကို ဇနီးမောင်နှံကြည့်ပြီး စကားပြောကြပုံ ရေးလိုလျှင် ဇာတ်တော်ကြီး ဆယ်ဘွဲ့။ ငါးရာငါးဆယ်နိပါတ် စသည်တို့ရှိပြီ။ ပညာဉာဏ်ချွန်သဖြင့် တန်ခွန် မြောက်သော ယောက်ျားတစ်ယောက်အကြောင်း ရေးလိုလျှင် မဟောသဓာရှိပြီ။ သတ္တိရှိသော ဇာတ်လိုက်တစ်ယောက်အကြောင်း ရေးလိုလျှင် မဟာဇနက ရှိပြီ။ ချစ်ဖွယ် ကောင်းလှသော မိန်းမအကြောင်း ရေးချင်လျှင် ကုသဇာတ်ရှိပြီ။ သို့ကလို လိုရာကို ချိုသာစွာ ဆွတ်ခူးနိုင်သော ပဒေသာပင်ကြီးဖြစ်သော ဗုဒ္ဓဘာသာ စာကြီးပေကြီးတို့ အသီးသီးရှိနေပြီ ဖြစ်ရကား ဗမာတို့သည် ရောင့်ရဲ နေခဲ့ကြ၏။ ပင်ကိုဉာဏ်ကို သိုဝှက်ထားကြသဖြင့် ပုပ်သိုးကုန်၏။ ပင်ကိုယ်ဉာဏ်ကို သုံးကာ အရဲစွန့်သူ ပေါ်ပေါက်လာပါက ကလေးကလားဟု ပြက်ရယ်ပြုခြင်း ခံရ၏။ ရှုတ်ချခြင်းခံရပေ၏။

ဟိန္ဒူ အငွေ့အသက်များကိုလည်း ရှေးဗမာတို့သည် နှစ်ခြိုက်စွာ ရှူရှိုက်သက် ခံကြ၏။ ဗေဒင်၊ အင်းအိုင်၊ မန္တရား။ ရသေ့များ၏ ယုံတမ်းစကားများကို ဆန့်ကျင် ဘက်ဖြစ်သော ဗုဒ္ဓဘာသာနှင့်အတူ ရောပြွမ်း၍ ရေးသားကြလေ၏။ ကာမသုတ္တရ ကျမ်းများကိုပင် ပြုခဲ့ကြ၏။ ရှေးဟိန္ဒူများထံမှ အမွေဆက်ခံသော သီဟိုဠ်သားတို့၏ 'ဆန်း' ကျမ်းများကိုပင် ဘုရားစကားကဲ့သို့ သိမ်းပိုက်ခဲ့ကြ၏။

ရှေးအခါက စာပုံနှိပ်စက်မရှိခြင်း။ ပေတွင် ကူးရေးရသည်မှာ မလွယ်ကူခြင်း။ ပေရွက်နှင့် ပျဉ်ပြား။ မီးသွေးနှင့် အမဲ ဆိုးထားသော သင်ပုန်းမှ တစ်ပါး ရေးစရာမရှိခြင်း။ ရွှေမြို့တော်သို့ မသွားနိုင်လျှင် ဗမာပညာရှိများ ဝင်သေရတော့မည့်အကြောင်းများသော ရှိခြင်း။ ဘုရင် မသုံးလျှင် အညွန့်တုံးသွားခြင်းတို့ကြောင့် ရှေးအခါ ဗမာပညာရှိတို့သည် ရွှေမြို့တော် နန်းတော်ကြီးသို့သာလျှင် ရှေးရှုတိုးလျှိုကြရလေသည်။ ဘုရင့်စိတ်နှလုံးကို ပရဏာပီတိ ဂွမ်းဆီထိအောင် ဘုရင်က ချီးကျူးအောင် "ဖောင်းတော်ငြိတ် စိတ်တော်သိ" ဟူသဖြင့် ဘုရင့်အကြိုက်ကိုသာ အများအားဖြင့် စာရေးဆရာတို့သည် ရေးကြရလေတော့သည်။ ဘုရင်ကို ရှိသေနည်း။ ဘုရင်စက်တော်ခေါ်က ကြမ်းကို မြည်မြည် မနင်းရနည်း။ (*စိန္တ ကျော်သူ၏ ဩဝါဒအထူးပျို့ကြည့်*) ဘုရင့်သားတော်၊ သမီးတော်တို့ကို မြှောက်နည်း။ (*ရွှေနားတော်သွင်း ချင်းများကြည့်*) ဘုရင်လုပ်သမျှကို မတော်လှန်ဘဲ ခံရမည့်နည်း စသည်များကို အဖွဲ့အနွဲ့ အမျိုးမျိုးဖြင့် ရေးကြလေသည်။

ဗမာရာဇဝင်ရှိ ဗမာဘုရင်များလည်း သူတို့အား အကောင်းဆုံးမြှောက်ပင့် ရေးထားသော စာရေးဆရာ၊ တိုင်းသူပြည်သား လူအများအား ကျွန်စိတ်သွင်း အပ်ပေးဆုံးသော စာရေးဆရာ၊ (*ရာဇဝင်ဆရာများ အကျုံးဝင်သည်*) သူတို့ မိန်းမပိုးပန်းရာ၌ ကူညီ အားပေးသော စာရေးဆရာ (*ဧယျှရွှန်းမိတ် ရှင်သံမို့၊ မြဝတီမင်းကြီးဦးစ စသည်တို့ကို ကြည့်*) အတိုချုပ်အားဖြင့် သာရာညာစား စာရေးဆရာများကိုသာ ချီးမြှောက်ခဲ့ကြ

သောကြောင့်၊ မင်းအလိုတော်ရိ စာရေး ဆရာများကိုသာ ချီးမြှောက်ခဲ့ကြသောကြောင့် မင်းအလိုတော်ရိ စာရေးဆရာ များသာ ထွန်းကားခဲ့လေသည်။ ဗမာစာပေသည် မင်းမှူးမတ် သူဌေးတို့၏ စာပေသာ ဖြစ်ခဲ့၍ ဆင်းရဲသား ဗမာများ၏ စာပေမဟုတ်ခဲ့ပေ။

ရေးပုံ ရေးနည်းများမှာ ပြောင်းလဲတိုးတက်ခဲ့သော်လည်း။ (ဝါ) လင်္ကာမှ စကားပြေ သီချင်း ဘွဲ့ခံမှ ပတ်ပျိုး။ ဘောလယ်၊ ရတုရကန်၊ ဒွေးချိုးမှ လေးချိုး။ တေးထပ်မှ ပြဇာတ်ဝတ္ထု စသည်တို့ဖြင့် ရေးနည်းမှာ ပြောင်းလဲ တိုးတက်ခဲ့သော်လည်း ရေးသော အကြောင်းများမှာ မပြောင်းလဲခဲ့ချေ။ ရှင်မဟာရဋ္ဌသာရကပျို့ဖြင့် ချီးကျူးခဲ့သော မိန်းမတို့၏ ကောင်းခြင်းငါးဖြာကို ရှင်သံဗို နတ်သျှင်နောင်တို့က ရတုဖြင့်ရေး၊ မြဝတီ ဝန်ကြီးက ပတ်ပျိုးဖြင့် သီ၊ ဦးပုညက တေးထပ်ဖြင့် ချီးကျူးခဲ့လေသည်။ အင်းဝခေတ်က ရှင်မဟာရဋ္ဌသာရ၊ ရှင်သီလဝံသတို့ တရားဟော နိပါတ်များမှ ထုတ်နုတ်၍ ပျို့ရေးကြသည်။ နောက်ဆုံးပေါ် မုံရွေးမာန်လည် ဆရာတော်တို့လည်း ဘုရားဟော ဇာတ်တော်များမှ ပျို့ရေးကြသည်။ ဦးတိုးက ဟိန္ဒူဘာသာမှရသော ရာမဇာတ်ကို ရကန် ရေး၍ နားခံတော်ကြီး ဦးရွှေနီက ဇာတ်တော်များမှ ယူလျက် ပဥ္စပါဗီရကန် ရေးသည်။ တွင်းသင်းတိုက်ဝန် မဟာစည်သူနှင့် တောင်ဖီလာဆရာတော်တို့ က ဝေဿန္တရာကို ပျို့ရေး၍ အခြားဦးကြင်ဥနှင့် ဦးပုညတို့က ပြဇာတ်ရေး သည်။ ဦးဖျော်က ပုလိပ်စားချင်းဖြင့် ဘုရင်ကို မြှောက်သည်။ ထူးခြား တိုးတက်သည်ကား မရှိလှ။

ဗမာပြည်၌ ထိုသို့စာပေကို ပုန်ကန်ခဲ့သော စာရေးဆရာသူပုန်တို့ ရှားခဲ့လေသည်။ ပုဂံပြည်၌ ဗုဒ္ဓဘာသာကြီး ထွန်းကားလာသောအခါ လောကုတ္တရာ စာပေ ပရိယတ္တိခေတ်ကောင်းနေခိုက် လောကီရေးလည်း အရေးကြီးကြောင်းကို သူတို့အား သိစေလိုသဖြင့် ပင်းယခေတ်ပညာရှိတစ်ဦးဖြစ်သော စတုရင်္ဂဗလ အမတ်ကြီးသည် လောကကြီး ကောင်းဖို့ရန် လောကနီတိနှင့် ဟိတောပဒေသ ဝတ္ထုတို့ကို ရေးသား၍ ပုန်စား ပုန်ကန်ပြခဲ့လေသည်။ (ပါဠိဘာသာဖြင့် ဖြစ်သော ကြောင့် ဗမာစာနယ်တွင် ထည့်နိုင်သလား မဆိုနိုင်။ သို့သော် စာရေးဆရာကား ဗမာဖြစ်၏။) ပါဠိဘာသာ ကြီးမွားနေခိုက်၊ အနန္တသူရိယက ဗမာစာဖြင့် လင်္ကာရေး၍ ပုန်ကန်ခဲ့သည်။ ရှင်မဟာရဋ္ဌသာရ၊ ရှင်သီလဝံသတို့သည် ဇာတ်တော်များကို လောကီအညွှန်းများ သင်ခန်းစာများထည့်၍ ပျို့များရေးကာ ပုန်ကန်ပြန်သည်။ ရှင်မဟာသီလဝံသကို ဘုန်းကြီးတို့က ရဟန်းတန်မဲ့ ကလေးကလား လင်္ကာတွေပျို့တွေ ရေးသည်ဟုဆိုကာ သပိတ်ပင်မှောက်ကြသေးသည်။ ရှင်ဥတ္တမကျော်ကား ရှင်ဘုရင်ကိုပင် ဂရုမစိုက်ဘဲ တောထဲမှာနေ၍ တောအကြောင်းကို ကာလဥဒါရီချီးမွမ်းခန်းကို အမှီပြုကာ ရတုရေး၍ ထုံးစံကို ပုန်ကန်လေသည်။

အင်းဝမင်းဆက်ပြုတ်၍ တလိုင်းလက်သို့
တော်လှန်စာရေးသော စာရေးဆရာမပေါ်သည်မှာ
နောက် ယောအတွင်းဝန် ဦးလှိုင်သည်
သူ့မှန်သည်ထင်လျှင် ထင်ရာကို ရဲရဲဝံ့ဝံ့ ရေးသား
မာနကြီးသည်ဟု အများက ခေါ်ကြ၏။ ဆရာ
ပင်ဖြစ်၏။

မင်းတုန်းမင်းလက်ထက် သီပေါမင်း
ပေါ်လာ၏။ ကျွပင်းတရားစာ၊ ဦးပုညတရားစာများ
ဆိုဘီသကဲ့သို့ တရားဟောဓမ္မကထိကများက

ထို့နောက် ဗမာပြည်မှာ ထီးကျိုးစည်ပေါ
မည်သော မန္တလေးခေတ်ထဲတွင် ယပ်လှဲဆရာ
ဒွေးချိုးတို့ကို တေးဆိုသလို ဟောပြောကြ၏။

ဗမာပြည်အလုံးကို အင်္ဂလိပ်တို့သိမ်းယူ
တို့သည် ငြိမ်သက်စွာ ငုံ့နေခဲ့ကြ၏။ အချုပ်တန်း
စာများရေး၏။ (သခင်ကိုယ်တော်မှိုင်း၏ ဒွေးကဗျ
ရတုများ ရေး၍ ကြေကွဲခြင်းကို ဖော်ပြခဲ့၏။ သ
အစဉ် မျိုးချစ်စိတ်ကို လှုံ့ဆော်သလောက် အပြီး၌
ဝမ်းမနည်းကြနှင့်ဟု ရေးလိုက်သဖြင့် ကြွလာ
တင်းပုတ်ကြီးဖြင့်စီး၍ ရိုက်လိုက်သကဲ့သို့ ကျွမ်းပြန်
ဦးကျော်လှလည်း ငြိမ်ငြိမ်မနေ အလျှော့မပေးဘဲ
စီကုံးခဲ့၏။ သို့သော် သိုက်တဘောင် ဗေဒင
ကြွလာသော မျိုးချစ်စိတ်များသည် မောင်သန့် မင်
မျိုး၌ လွှင့်ပျောက်လေကုန်တော့၏။

အင်္ဂလိပ်ခေတ် စာရေးဆရာ သူပုန်များ

ဗမာပြည်ပျက်သည်မှ ကျောင်းသားများ
သည်အထိ အချိန်တွင်ကား ဦးကျော်လှမှ
ပေါ်ပေါက်သည်ဟု မကြားရချေ။ ကျောင်းသား
ဆုညြဘာသာမင်္ဂလာဖြင့် ဆယ်ဖြာလက်မြှောက်သော

မျိုး ဝေလမင်းသား ရွှေနားတော်သွင်း ဇချင်းကိုရေးသည့် ဆရာမျိုး၊ မရဏာနု သာသတိ မော်ကွန်းကို ရေးသားသော ဆရာမျိုး၊ ကြာသမားထိပ်ခေါင် ချဉ်ပေါင် ရွက်သည် မောင်မှိုင်းဟူသော ဝတ္ထုကို ရေးသော စာရေးဆရာမျိုးများသာ ပေါ်ပေါက်ခဲ့လေသည်။

ဆရာလွန်းကား

၁၉၂၉ ခုနှစ်ကမှ တစ်ပြည်လုံး ကျော်သွားသည့် မစ္စတာမောင်မှိုင်း အမည်ခံ ဆရာလွန်းကား အကြီးဆုံးသော သူပုန်စာရေးဆရာဖြစ်လေသည်။ သူ့ရေးနည်းမှာ ဗမာစာပေတွင်လည်း မပေါ်ဖူးသေး။ အင်္ဂလိပ်စာပေ စသော အခြားစာပေ များတွင်လည်း မပေါ်ဖူးသေး။ ဆရာလွန်း၏ ပင်ကိုဉာဏ်ဖြင့် ထွင်ထုတ်လိုက်သော ရေးနည်း ဖြစ်၏။ သူကိုယ်သူ ယောဂီဆရာကြီးအသွင်ဆောင်လိုက်၏။ တပည့်မ အများ တရားဟော၏။ သူ့ရေးနည်းမှာ လင်္ကာစကားပြေ နှစ်တွေ ရောရာဖြစ်၏။ စကားပြေ အဖြစ်ဖြင့် ရေးထားသော်လည်း တစ်လုံးနှင့်တစ်လုံး ကာရန်မိသည် ချည်းဖြစ်၏။ ဗမာစာပေ၌ ပေါ်ပြီးဖြစ်သော်လည်း ခေတ်မစားသေးသော လေးချိုးကြီးများကို ရေးသား လေသည်။ လေးချိုးကို အထူးလေ့လာ ရေးသားသဖြင့် ဗမာစာပေ၌ ဆရာလွန်းရေးသော လေးချိုးလောက်ကောင်းသော လေးချိုးများ မပေါ်ဖူးချေ။ သို့လိုရေးနည်းဖြင့် စတင် ပုန်ကန်လိုက်သောကြောင့် "*စာရေးဆရာသူပုန်ကြီး*" ဟု ခေါ်ရပေသည်။

ရေးသော အကြောင်းများလည်း ဗုဒ္ဓဘာသာစာပေတို့ကိုသာ ရေးတော့သည် မဟုတ်ဘဲ သူ့ပင်ကိုဉာဏ်ဖြင့် ဝတ္ထုများ ရေးတော့၏။ ရာဇဝင်ဝတ္ထုများ ရေးသား၏။ ကြိုကြား ကြိုကြားညှပ်၍ တိုင်းပြည်ကျွန်ဖြစ်ရပုံ နှစ်နာကြောင်း၊ လွတ်လပ်ရေး ရအောင် ကြိုးစားရမည့်အကြောင်း၊ ခေါင်းဆောင်များလိမ်ပုံ၊ တိုင်းရေး ပြည်ရေး ပညာရေး တောရွာရေး တောင်သူတောင်သားများ အခြေအနေ စသည်များကို ရေးသားလေသည်။ သို့ကြောင့် ဆရာလွန်းကား မင်းအလိုတော်ရှိ စာရေးဆရာမဟုတ်ဘဲ တောသူ တောင်သား ဆင်းရဲသား တို့၏ စာရေးဆရာ၊ ကုန်သည်၊ လက်မှုပညာသည် ကျောင်းသားများ၏ စာရေး ဆရာ အမျိုးသားစာရေးဆရာကြီး အစစ်ဖြစ်ပေသည်။ ဤကား နှစ်ပေါင်းကိုးရာ ကျော်မျှ တည်တွန့်နေခဲ့သော ဗမာစာရေးဆရာအများတို့၏ ထုံးစံကို တော်လှန် ပုန်ကန်ခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဆရာလွန်းမှာ သတ္တိအရှိဆုံးသော "*စာရေးဆရာသူပုန်ကြီး*" ဟု ကျွန်ုပ်တို့ ခေါ်ကြသည်။

ယမျှလုပ်

"စာရေးဆရာသူပုန်ကြီး" ဖြစ်ကြောင်းကိုကား ဆရာလွန်းစာများကို ဖတ်သူ
သိနိုင်ကြပြီ။ ဆရာလွန်း၏စာကို ဖတ်ဖူးသူများလှသဖြင့် သိသူလည်း များပေမည်။
လွန်း၏ အတွင်းရေးဖြစ်သော စိတ်နေသဘောထား၊ အကျင့်စာရိတ္တ၊ ပြောပုံ
ပိုကိုကား သိကြသူ နည်းပါးလှလေသည်။

ဆရာလွန်းသည် သူ့စိတ်သဘောထားမှန်ကို ရေးသည်။ သူတကယ် လုပ်ရဲ
ည်သည်ကို ရေးသည်။ သူတစ်ပါး၏ ပယောဂကြောင့် သူများအကြိုက်ကို မရေး။
စာရေးဆရာများမှာ ငွေပေးရာဘက်သို့ လိုက်၍ ရေးကြ၏။ လာဘ်သပ်ပကာ
ကာသနကိုသာ ကြည့်၍ ရေးကြ၏။ ဆရာလွန်းကား ၎င်းတို့နှင့် လုံးဝမတူချေ။

အချို့ဆရာတို့သည် "ငါလုပ်သလို မလုပ်နှင့်၊ ငါပြောသလိုလုပ်" ဟူသော
င့် အရေးကား တခြား၊ အလုပ်ကား တခြားဖြစ်၏။ ၎င်းတို့သည် ကိုယ်ကျင့်
ကောင်းမှုအကြောင်းများကို ရေးကြ၏။ သူတို့ကိုယ်တိုင်ကား ကိုယ်ကျင့်တရားမရှိ၊
ယောင်၊ ဟိတ်ထုတ်သည့် လူယုတ်မာတွေ ဖြစ်ကြ၏။ ဆရာလွန်းကား သူတို့နှင့်
ည်လျှင် ပုလိပ်သားနှင့် သခင်ခေါင်းဆောင် ကွာသကဲ့သို့ ကွာခြား၏။ ကျွန်ုပ်
ဘာအရမူ ဆရာလွန်းဟူသော လူတစ်ယောက်သည် မစ္စတာမောင်မှိုင်းဟူသော
းဆရာတစ်ယောက်ထက် မြင့်မြတ်သည်ဟု ယူဆသည်။ (ဝါ) ဆရာလွန်းကို
ဖြတ်ရန် မှတ်ကျောက် နှစ်ခုရှိသည်ဟူအံ့၊ ကိုယ်ကျင့်တရားတည်းဟူသော
ကျောက်တစ်ခု၊ စာရေး ပညာရှိတည်းဟူသော မှတ်ကျောက်တစ်ခုဖြစ်ရာ ပထမ
ကျောက်တွင် သွေး၍ အစမ်းခံလိုက်ရသော ဆရာလွန်းသည် ပိုမိုမြင့်မြတ်သည်ကို
ရလေမည်။

ကိုယ်ကျင့်တရားသည် စာရေးဆရာ၏ စာများကို အသက်သွင်းပေး၏။
များကို ပိုမို၍ အရသာရှိစေ၏။ လိုသော အကျိုး ပိုမိုပြီးစေ၏။ လေးနက်စေ၏။
ကျင့်တရား မရှိသူ၏ စာများမှာ တစ်နေ့တွင် တိုင်းပြည် မိတ်ဆွေကောင်းဖြစ်ပြီး
က်တစ်နေ့တွင် တိုင်းပြည်၏ ရန်သူဖြစ်သည်သာ များသည်။ ဆရာလွန်း၏
ကား အခါခပ်သိမ်း တိုင်းပြည်၏ မိတ်ဆွေများ ဖြစ်ခဲ့၏။

သတင်းစာရေး ဝတ္ထုရေး ကဗျာရေး စသော စာရေးဆရာများသည် ပါတီ
ရ။ အစည်းအရုံး တစ်ခုတွင် မဝင်ရ။ သတင်းစာ၊ ဝတ္ထုတို့သည် မမိရဟု ဆိုကြ
။ သည်ဝါဒကိုကား ကျွန်ုပ်မကြိုက် အမြဲကန့်ကွက်မည်ဖြစ်လေသည်။

သတင်းစာ ဝတ္ထုရေး စသည်တို့သည် ပါတီစွဲ မရှိမှ ပါတီအသင်းအဖွဲ့တို့ကို

အပြစ်ရှိက အပြစ်ပြော၍ အားပေးစရာရှိက လွတ်လွတ်လပ်လပ် အားပေးနိုင်မည်ဟု ဆင်ခြေပေးကြသည်။ တိုင်းပြည်က မှားလျှင် တိုင်းပြည်ကို ဆော်၍၊ အစိုးရက မှန်လျှင် အစိုးရကို ထောက်ခံမည်ဟု သူတို့အကြံပေးကြသည်။ သူတို့ အလိုအားဖြင့် ဝတ္ထုရေး၊ သတင်းစာရေး၊ ကဗျာရေး စသောသူများသည် တောင်ထိပ်သို့ တက်၍ မြေပြင်၌ သွားလာလှုပ်ရှားနေကြသော လူအပေါင်းကို ပြုံးပြုံးကလေးကြည့်ကာ ဘယ်သူ အသွားမှားသည်။ ဘယ်သူ အအိပ်ကြီးသည် စသည်ဖြင့် ဝေဖန်ရန်သာဖြစ်၏။ စာရေး ဆရာတို့သည် လူ့လောက အထက်တွင် နေ၍ လူနှင့် နတ်ပေါင်းစပ်၍ ဖြစ်သော လူကပြားများအသွင် နေစေချင်လေသည်။

သို့ကလို စာရေးဆရာများသည် လူကပြားကလေးများ အသွင်ဖြင့် ဘယ်ဘက် ကိုမျှ မပါဝင်ဘဲ နေရျေက မြန်မာပြည်သည် မည်သည့်အခါမှ လွတ်လပ်မည် မဟုတ်။ တောသူတောင်သား ဆင်းရဲသားများသည် မည်သည့်အခါမှ ထမင်းဝမည် မဟုတ်။ အကြောင်းမူကား၊ ဘယ်ဘက်မျှ မပါဝင်သူသည် ဘယ်ဘက်ကိုမျှ အားကြိုးမာန်တက် ထောက်ခံအားပေးမည်မဟုတ်။ ကျွန်ဗမာတွေက သခင်စိတ် ပေါက်၍ လွတ်လပ်ရေး တောင်းသောအခါလည်းကောင်း၊ တောသူတောင်သား ဆင်းရဲသားများက ဟန်ကျပန်ကျ နေရလေအောင် ဆူပူသောအခါ၌လည်းကောင်း၊ ဘယ်ဘက်မျှ မပါသူသည် ကျွန်ဗမာတွေ၊ တောင်သူတောင်သား ဆင်းရဲသား တွေကို အားကြိုးမာန်တက် ကူညီမည်မဟုတ်ပေ။

မည်သည့်ဘယ်ကိုမျှ မဝင်သော စာရေးဆရာသည် အဖွဲ့တစ်ခု ပါတီတစ်ခု၏ အတွင်းလူမဟုတ်သဖြင့် ထိုပါတီက တစ်စုံတစ်ရာလုပ်လျှင် မလုပ်မီ ကြံစည်စိုင်းပြင်း ကြစဉ်က ဘာမျှမသိရဘဲ စီမံပြီး လုပ်ကိုင်ပြီးမှ သိရလေသောကြောင့် အပြစ်ကို မြင်သော်လည်းကောင်း၊ အမှားကိုတွေ့သော်လည်းကောင်း၊ မှားပြီးမှ အမှား လုပ်နေကာမှ(ဝါ)လက်လွန်ကာမှ ပြင်ရန်၊ ဖျက်ရန်၊ ပြောဆို ကဲ့ရဲ့လေတော့သည်။ ထို့ကြောင့် သူ့အမြင် သူ့အတွေ့မှာ အလဟဿ ဖြစ်ရတော့၏။

များသောအားဖြင့် မည်သည့်ဘက်မှ မပါသူသည် သာပေါင်း ညာစားအဖြစ်သို့ ရွေ့လျားသွားသည်ကိုသာ တွေ့ရသည်။ မီးစင်ကြည့် ကသွားသည်သာ များသည်။ အလွန် သမာဓိနိုင်သူဖြစ်ပါမှ အလွန် လောကအကျိုး လိုလားသူဖြစ်ပါမှ အမှန်ဘက်ကို လိုက်သည်ကို တွေ့ရ၏။ များသောအားဖြင့် အမှားဘက်သို့ သိလျက်နှင့် ကိုယ်ကျိုး မျှော်ကာ လိုက်ပါသွားကြလေတော့သည်။

တစ်ဖက်ဖက်ကို မဝင်သူ၊ အဖွဲ့ပါတီမရှိသူ၊ တစ်ကိုယ်တည်းထင်သလို စိုင်းချင်သူသည် အများအကျိုးကို သေချာစွာ မြင်နိုင်၊ စီစစ်နိုင်ရန် ခဲယဉ်းလှပေသည်။

တစ်ကိုယ်တည်း ထင်သလိုစိုးချုပ်သူသည် စည်းကမ်းမရှိ ထင်မိထင်ရာ ပြုတတ်သည်မှာလည်း ဓမ္မတာပင် ဖြစ်ပေသည်။

ထို့ပြင် ယခုအခါ ဗမာပြည်ကြီးသည် ကျွမ်းထိုးမှောက်ခုံဖြစ်နေပြီ။ ဗမာပြည်တွင် ဗမာလူမျိုးသာ အစိုးရပြီ။ ဗမာတွေသာ ကြီးပွားနေထိုက်ပါလျက်၊ ဗမာပြည်တွင် အင်္ဂလိပ်လူမျိုးတို့ အစိုးရပြီ၊ အင်္ဂလိပ်၊ ကုလား၊ တရုတ်၊ ဂျပန်တို့ကိုသာ ကြီးပွားလျက် ရှိချေပြီ။ တို့ဗမာ ဆင်းရဲသားတောင်သူအလုပ်သမားများမှာ ထင်းကုလားတုံးကဲ့သို့ အညွန့်တုံးအောင် မွဲလျက်ရှိချေပြီ။ အမျိုး၏ အညွန့် အဖူးဟုဆိုအပ်သော လူငယ်များမှာလည်း အလုပ်လက်မဲ့ တေလေကြမ်းပိုးများ ဖြစ်လျက် လူကြောက်၊ လူအ၊ လူကျွန်ကလေးများဖြစ်လျက်ရှိလေပြီ။ ဗမာလူမျိုး အောက်တန်းကျမှု ဗမာတောင်သူအလုပ်သမား ဆင်းရဲသားများ ဆင်းရဲနေမှု ဗမာလူငယ်များ နုံချာနေမှု ကြီးပွားနိုင်သောသူများသည်လည်း ကျွမ်းထိုးနေသော ဗမာပြည် ပြန်လည်မတ်တတ်မရပ်နိုင်လေအောင် ကျွန်စိတ်သွင်းသော ပညာရေးကိုသာ အားပေးနေကြလေပြီ၊ ဗမာပညာရှိအချို့ကို လက်နက်ပြု၍နေချေပြီ၊ မဟုတ်မဟာ တိုင်းပြည် မလွတ်လပ်နိုင်သော စာပေများကိုသာ အားပေးနေချေပြီ။ သူဌေးဖြစ်ပြီးသော ဗမာအချို့နှင့် သူဌေးလောင်း၊ ဓနရှင်လောင်း၊ ဗမာတို့သည် ဗမာစာရေးဆရာအချို့၏ အကူအညီဖြင့် ဆင်းရဲသားများ၏ အညွှန့်ကို ခူးနေကြပြီ၊ အဆမတန်ကြီးသော ဈေးဖြင့် တိုင်းပြည်ကို ရောင်းကာ စီးပွားရှာရန် ဗမာစာရေး ဆရာအချို့ကို အညာစာ၊ အဖြန်းစာများ ရေးစေလေပြီ။ ဗမာစာရေးဆရာအချို့ကို ကျွန်လုပ်ထားကာ သူတို့အလိုကျ စာများကို ရေးစေလိုပြီ။ နိုင်ငံရေးတွင် စီးပွားရှာ စားကြကုန်သော သူတို့ကလည်း ဗမာစာရေးဆရာအချို့ကို ငွေဖြင့်ဝယ်၍ တိုင်းပြည်ကို လိမ်စာ၊ ညာစာများ ရေးခိုင်းနေလေပြီ။ အတိုရုံးလိုက်လျှင် စာရေးဆရာ များကို လူအမျိုးမျိုးက သဘောအမျိုးမျိုး စော်ကားချင်တိုင်း စော်ကားနေချေပြီ။ ကျွန်ဝယ်ရာ အဆစ်ပါရသကဲ့သို့ နစ်နာလှပေပြီ၊ သို့စော်ကားနေခိုက် အဘယ် စာရေးဆရာသည် တောင်ထိပ်မှနေ၍ ပြုံးပြုံးကြီး ကြည့်နေချင်သေးသနည်း။ အဘယ်စာရေးဆရာသည် ဗမာပြည် ဇောက်ထိုးမှောက်ခုံ နုံနုံချာချာဖြစ်နေသည်ကို လက်ပိုက်၍ ကြည့်နေချင် သေးသနည်း။ အဘယ်စာရေးဆရာသည် မိမိတို့အား စော်ကားနေသည်ကို ဘယ်ဘက်မှုမပါဝင်ဘဲ ပွဲကြည့်သလို ကြည့်နေချင်သေးသနည်း။

ဆရာလွန်းကား ထိုသို့ ကြည့်နေနိုင်ဟန်မတူ

ထို့ကြောင့် ဆရာလွန်းသည် ဒို့ဗမာအစည်းအရုံးသို့ ဝင်လိုက်၏။ ဒို့ဗမာ

အစည်းအရုံးကို ဝင်ရသည်မှာ ဘေးအမျိုးမျိုးရှိ၏။ ထောင်ကျမည့်ဘေး၊ အစိုးရတို့ နှိပ်မည့်ဘေးတို့ထက်၊ တိုင်းပြည်ခေါင်းဆောင်ဆိုသူများနှင့် ယှဉ်ပြိုင် တိုက်ခိုက်ရသော ဘေးသည် အလွန်ကြီးမား၏။ ဒို့ဗမာအစည်းအရုံးကို လူကြီး လူကောင်းဆိုသူတွေက မနှစ်မြို့ကြသေး။ အားအင်လည်း မရှိသေး၊ ဂုဏ်လည်း မဲ့တုန်း။ သို့သော် ဒို့ဗမာ အစည်းအရုံးသည် တောင်သူလယ်သမား၊ ဆင်းရဲသားများ အကျိုးအတွက် ပေါ်ပေါက်လာသော အစည်းအရုံးအစစ်ဖြစ်သည်ကို ဆရာ လွန်းသိ၏။ သို့ကြောင့် ''*တုံးတိုက်တိုက် ကမ်းတိုက်တိုက် ဆန္ဒကောင်းရှိတဲ့ သခင်ကောင်းကလေးတွေ*'' ဟု ဆိုပြီး ဒို့ဗမာအစည်းအရုံးသို့ ဝင်ခဲ့၏။ ဆရာလွန်း၏ ရေးသောစာများသာလျှင် တိုင်းပြည်၏ စာမဟုတ်ဘဲ ဆရာလွန်းကိုယ်တိုင်လည်း တိုင်းပြည်၏ လူဖြစ်လာလေ သတည်း။

ယခုခေတ်စားဆဲစာပေ

စာပေများသည် တိုင်းပြည်လွတ်လပ်စေသလော၊ တောင်သူလယ်သမား ဆင်းရဲသားများ အကျိုးပြုစေသလော ဟူသော မေးခွန်းများကို ရေရွတ်လျက် စစ်ကြောခြင်းသည် အသင့်လျော်ဆုံးနည်းဖြစ်သည်။

ဤနည်းဖြင့် ယခုခေတ်စားလျက်ရှိသော ဗမာစာပေကို ဆန်းစစ်လိုက်မှ ဗမာစာပေသည် အတော်ချို့ယွင်းချက်များနေသည်ကို တွေ့ရပေမည်။

ယခုစာပေ၌ ရှေးစာပေနှင့် ခြားနားချက်များ တွေ့လာရသည်။ စာရေး ဆရာများသည် ကိုယ်ပိုင်ဉာဏ်ကို အတော်သုံးလာကြပြီ။ ပါဠိဘာသာ၏ အာဏာ စက်မှ လွတ်နေသော စာများလည်း ပေါ်လာသည်။ အယူလွဲ အဆလွဲများကို ပစ်ပယ်သော စာများကိုလည်း ရေးလာကြပြီ။ လောကီကြီးပွားရေးကို အားပေးသော စာများလည်း ထွက်လာပြီ။

သို့သော် ဝတ္ထု၊ ပြဇာတ်၊ ကဗျာ စသော ပင်ကိုဉာဏ်ဖြင့် ပေါ်လာသော စာများသည် အားလုံးလိုလိုပင် ဆီဆုံကို နွားလှည့်သကဲ့သို့ မိန်းမနှင့် ယောကျ်ား ချစ်ခြင်း စသော ရာဂချစ်ကိုသာ ပတ်ပတ်လှည့်၍ ရေးနေကြလေသည်။ ရာဂ အချစ်နယ်တွင်လည်း ''အချစ်သည် မျက်လုံးမရှိ'' ''ချစ်ရင် ပြီးတာပဲ'' ဟူသော ဝါဒမျိုးကိုသာ ရေးကြသည်။ ''ချစ်ရဲ့လား၊ ချစ်တယ်၊ ချစ်ရင် လာ စိန်စားသော်ကြွ'' ဟု သည်တို့က များစွာသော စာတို့၏ အဓိပတိရည်ရွယ်ချက်များ ဖြစ်နေလေ သည်။ (ခေတ်စမ်းကဗျာဆရာတစ်ဦးအား ကျွန်ုပ်က ''ခင်ဗျားမလည်း ဒီအချစ် အကြောင်းကြီးပဲ

ရေးနေတာပဲ'' ဟု အပြစ်ဆိုလိုက်ရာ ''မှန်းသိမ်းဖေရေ အချစ်နယ်ဟာ သမုဒ္ဒရာ အားလုံးထက်ကျယ်တယ်၊ ဘယ်တော့မှ ရေးလို့မကုန်ဘူး''ဟု ဖြေလေသည်။) လူ့စိတ်သဘာဝအမျိုးမျိုး(ဝါ)အဖြစ်အမျိုးမျိုးတွင် ချစ်စိတ်တစ်ခုသာ ရှိလေဟန်ဖြင့် ရေးနေကြသည်။

ထို့ပြင် လူတွေ အပျော်ပတ်ရအောင် ဟူ၍သာ ရေးနေကြသည်။ ဖတ်သူ ပျော်မည့်အပြင် တိုင်းပြည်ကြီးပွားအောင် ဆင်းရဲသားများ ချမ်းသာအောင် ဟူသော ရည်ရွယ်ချက်မျိုးဖြင့် ရေးကြမှမည်မဟုတ်ပေ။ သူတို့ ရေးကြသော အကြောင်းများကိုလည်း သူဌေး၊ မင်းစိုးရာဇာ၊ ဝန်ထောက်စစ်ကဲ၊ အင်္ဂလိပ် ကျောင်းသား စသော အထက်တန်းစား၊ အလယ်တန်းစားများ၏ အဖြစ်အပျက် များကိုသာ ရေးနေကြ၍ တောင်သူလယ်သမား ဆင်းရဲသားများကိုကား ဖုတ်လေတဲ့ ငါးပိ၊ ရှိမှ ရှိပါလေရဲ့လားဟု ချန်ထားခဲ့ကြသည်။

ဆင်းရဲသား၊ တောသားများ၊ အကြောင်း။ တောရွာများ အကြောင်းကို ရေးသူ များပေါ်လာပါ၏။ သို့သော် အချို့စာများတွင် ဆင်းရဲသားများမှာ အလွန်ပျော် ပါးနေ ကြကြောင်း။ ရောင့်ရဲကာ သန္တုဋ္ဌိစ မင်္ဂလာနှင့် ပြည့်နေကြကြောင်း။ တောရွာများမှာ အလွန်သာယာလာကြကြောင်း၊ ချစ်စရာကောင်းကြောင်း စသည်ဖြင့်သာ ရေး၍ တောသားများမှာ ဆင်းရဲနေကြောင်း။ မည်မျှစာမတတ်၍ (အ) နကြောင်း။ အယူမှား အယုံမှားများအတွက် ဆင်းရဲသားတွေ မည်မျှ ဆုံးရှုံးကြောင်းများကို ဖတ်သူတို့ သနားလာအောင် သူတို့အခြေကို ပြုပြင်နိုင်အောင်ကား မရေးကြပေ။ တောရွာများမှာ ရွှံ့တွေပေ၍ နွားချေးတွေ၊ လူ့မစင်တွေ ပွနေပုံ၊ ရောဂါဘယတွေ ထူနေပုံ၊ အသီးအနှံများ ပျက်စီးနေပုံ၊ အခွန်တော် မပေးနိုင်ပုံ၊ မြေပိုင်ရှင်များက သီးစားများအား အနိုင်အထက် ပြုကျင့်နေပုံ စသည်တို့ကိုကား လုံးဝချန်လှပ်ထားကြလေသည်။ ထို့ကြောင့် တောရွာ အကြောင်း ရေးကြသူများမှာ ဆင်းရဲသားကို အားပေးသော စာမဟုတ်ဘဲ ဆင်းရဲသားကို ပိုမိုဆင်းရဲအောင် လုပ်နေသူများကိုသာ အားပေးနေတော့သည်။

ယခု ကမ္ဘာလောကကြီးသည် ကြီးနိုင် ငယ်ညှင်းဆဲ ဆိုသလို ထိုထိုသို့သော တောရောမြို့ပါ လက္ခဏာအင်အားနည်းပါးသူ၊ ဆင်းရဲသားဟူသမျှကို ဓနရှင်၊ လူ့ဂုဏ်တန် သူဌေးဆိုသူတို့က ပြုမူနှိပ်စက်သည့်အတွက် ဆင်းရဲတွင်းနက်ပုံကို အလုံ၊ မုံရွာမှ၊ ငွေရှာကြေးရှာ ထွက်ခွာခဲ့ရာ အောက်ပြည်အောက်ရွာ ဟံသာဝတီ ရန်ကုန်၊ သထုံ၊ မုတ္တမသို့ ရောက်ရာတွင် ယခင်က ကြွေးဟောင်း မြီးဟောင်းကို တောင်းကြရကား။ မယားအိမ်နေသူမလေးက လူကြုံတွင် စာပေးလိုက်သည်တွင် သခင်

ကိုယ်တော်မှိုင်းတည်းဟူသော အကြောင်းဆရာက မင်္ဂလာဆောင်ဦးတွင် ဒိုးကျူးလာ
ရရှိခဲ့သော လယ်ယာမိုးမြေများနှင့် ကျွဲ နွား မကျန်၊ အိတ်သွန်ဖာမှောက်၊ ရသ
နှင့် ရောင်းချပြီး ကျောင်းအမ ကျောင်းဒါကာတို့ ကြွေးကို ပေးဆပ်လိုက်ပါ
စသည်ဖြင့် ဤဆိုခဲ့သော လူကြုံတွင် တစ်ဖန် အပြန်ပေးလိုက်သော လေးချိုးက
အောက်မှာကြည့်ရှုကြပါကုန်။

နေရှင်ဝါဒကြောင့် ပြာကျအောင်မွဲသော
ဆင်းရဲသားဘွဲ့လေးချိုးကြီး

ကျုပ်တို့အညာမှာ မင်္ဂလာတစ်မျိုးသာပ။ အဟုတ်ဖျို့ မေ့တာ အစဉ်
မညှိုးခဲ့ပေဘူး။ အရှိုးသမကျ ရှေးလိုပ အဖွားကလဲ ကျီတစ်ဆောင်။ (ကိုမင်းရ
အမျိုးကလဲမသေးပေဘူး၊ အဘိုးအဖနှင့်တကွ မေးကြပါတော့၊ တမျိုး ငါ့မြေးတို့ရ
(အိုကွယ်) အဘိုးကပေးလိုက်ပါတဲ့ နွားညီနောင် (ဖြော်) အမိအဖိတို့က
ပြည့်ပြည့်ဝဝတွေမို့၊ ရှိသမျှ ကုန်ချင်ကုန်ရော့လို့ မယုံရင် ကြုံလျှင်မေးပ
အလုံတခွင်မှာ ဂုဏ်အင်ကလဲ မသေးပါဘူး၊ မုံရွေး–ကြေးမုံ ချောင်းဦးနယ် တ
ဆီက၊ အလုံကျေး အကုန်မှာ ပြောင်းဖူးသယ်တွေကလဲ များလိုက်ပါဘိသနှင့်၊
ရင်းချာ ညာတကာ မိတ်တို့ကိုလ၊ အဖေသွားရင် သားလာစရာဖိတ်ခဲ့တာနှင့်၊
ညနေ အစုံလာကြတော့၊ ဖြူစရာအကွက် ဖျင်စောင်နှစ်ခုရဲပြင်၊ ရှုံ့ပုဝါပါ တ
ခြင်ထောင်ကလဲ တခုစီပေါ့။ လုပ်မှ ကိုင်ဘွယ် တောလယ်ယာ တခင်းငုံပြင်၊ ပြ
တစလယ်ဝင်နှင့် လယ်တာရှင်စပါးနှစ်သယ်ထွက်ကိုလ (ကိုမင်းရာရယ်) ရှေးအဆက်
အကြွေးတက်တက်ပြီး အဝေးမထွက်ရအောင်လို့တဲ့ကွယ် . . . ပေးလက်ဖွဲ့
လမ်းချိုးအရှေ့က၊ စမ်းရိုး အကွေ့ခယောင်း''ယာမှာ (ဟောသည်က) အထ
ဖြေဖြေပြီး၊ အကုန်သာကြလေရော့ဟဲ့လို့၊ ခရမ်းမျိုးစေ့ကောင်းရွာ ငြေပ်
ကုလားပဲသာပ၊ နှမ်းမျိုးသွေ့သွေ့ ပြောင်း။ ဝါ၊ ပြုတ်၊ ဖရုံပါ ဖရဲငုံပြင်၊ ထ
ရောင်းစရာ အထုပ်မုံလာ ခဲတွေနှင့်၊ အလုပ်စုံစရာ ကဘဲရယ်လို့များ လက်
(အို . . . ကိုမင်းရာရဲ) သားအတွက်ဆိုတော့ တအားတက်အောင်
(ကျုပ်တို့) အမေအိုကလည်း ဓားမရှည်၊ ဓားမတို တွေနှင့် အခြေကိုဖုန်း။ (ကိုမင်း
မယားဘက်က မောင်တွေကလည်း ပုလွေတို့နှစ်စင်။ မျိုးဆက်ကာပြု အိုးခွက်
အစုံနှင့်၊ မြေတခွင် သထုံရောက် ရာကပဲ၊ လွှန်းမီပါရဲ့၊ မြေအင်ဖုံ သော
ခွန်းငုံပြင်၊ ကွမ်းအစ်ပါ လွယ်အိတ်တလုံးငယ်နှင့်၊ ပဲခူးဘူတာမှာလေ၊ ငါ

လူညာတွေ မှုန်းလိုက်ပါတဲ့၊ ပျောက်သဟာ ဒဂေါက်ဖာ ကလည်း၊ တလုံးပါပဲ ရုံးလိုက်လျှင် တစ်အိမ်ထောင်သာပ၊ လူ့ထုံးစရိုက်တွင် တစ်သိမ်ပြောင်လောက်တဲ့။ မင်္ဂလာဆောင်မှာ ခမ်းဝင်ကလည်းမနည်းပါဘု၊ မွဲမိုရာ ကံကြမ္မာနှင့် ဖန်လာပုံ ကုသိုလ်ကလည်း မကောင်းချင်တော့။ အထက် ဟိုအညာမှာလေ ကြက်ဆိုတာ မှလည်း မလောင်းခဲ့ပါဘု။ အညာမြေဌာနေဟောင်းဆီက အကြွေး (တရာ)ကို ဒွေးခါကလည်း တောင်းပြန်ပေါ့တဲ့၊ (အမယ်မင်း) မောင်းစရာရယ်လို့များတပ်လိုက်မှဖြင့်၊ ခေါင်းတခါခါ နှင့် ဆပ်လှစွာသော လှလှဇွေ့ဇွေ့ရယ်နှင့်။ ဝဝပြေ့ပြေ့ နပြာတရှူး ကိုလ ကျောင်းတကာကိုသာ အပ်လိုက်ပေရော့၊ ရသရွှေ့ ဘာဘာ ညာညာရယ် လို့ မငြင်းလေနှင့်။ (မလေးရယ်) ရောင်းကာသာ ဆပ်လိုက်ပေရော့၊ ရွှာရွေ့ (ယာ) တခင်။

(ဤကာ။ သခင်ကိုယ်တော်မှိုင်း၏ အသက် ၃၈ နှစ် သက္ကရာဇ် ၁၂၇၅ ခုနှစ်တွင် စီရင်ရေးသားသည့် ဗိုလ်ဋီကာ ဆောင်းပါး စာအုပ်မှ ထုတ်နုတ်ဖော်ပြချက် ပေတည်း။)

အချို့စာမှာလည်း စာဖတ်သူ (မြို့သား၊ လူဂုဏ်တန်သား၊ အင်္ဂလိပ် ကျောင်းသားများအား ပျော်တော်ဆက်ရန်တောသားများ အကြောင်းကို ရေးကြလေသည်။ သူတို့ကိုယ်ကိုသူတို့ စာရွှင်ရေး ဆရာများ(ဝါ) ဟာယူမားရစ် (HUMOURIST) ဟုခေါ်ကြသည်။ တောသားများအကြောင်းကိုရေးကြသောအခါ အရွှမ်းများအကြောင်း လို ရေးတော့သည်။ သို့မှ ဖတ်သူများရယ်နိုင်သည်။ တောသားများ ပါးစပ်တွင်းသို့ ယုတ္တိမရှိသော ပျက်လုံးများထည့်ကာ။ တောသားများကို လူရှုးလိုပြုစေကြသည်။

တို့တာဝန်

ထို့ကြောင့် ဘယ်ဘက်က ကြည့်ကြည့် အားရဖွယ်မရှိသေး။ ဗမာ ပြည်ကြီး လွတ်လပ်အောင် ဆင်းရဲသားအများ ကြီးပွားချမ်းသာအောင်ရေးကြမည့် စာရေးဆရာ တို့သည် ဗမာပြည်၏ လိုလားချက်များကို ကောင်းစွာသိကြရမည်။ ရှေးခေတ် ဗမာပြည်၏ လိုလားချက်နှင့် ယခုခေတ်လိုလားချက်များ မတူသည်ကို သိကြရမည်။ ဗုဒ္ဓဘာသာ စာပေ၊ ဟိန္ဒူစာပေ၊ သီဟိုဠ် စာပေတို့ဖြင့်သာ ရောင့်ရဲနေလျှင် ကျွန်ုပ်တို့ ရည်ရွယ်ချက် အထ မမြောက်မည်ကို သိကြဖို့လိုသည်။ ကျွန်ုပ်တို့ ရည်ရွယ်ချက်အတွက် ထိုစာပေများ

မဖူလုံတော့ပြီကို သိကြရမည်။ သို့သိကြပြီးလျှင်ပင် ကိုယ့်ဉာဏ်ဖြင့် ထွင်၍ရေး၊ ကမ္ဘာ့ရှိ ကြီးပွားနေသော အခြားနိုင်ငံများမှ စာပေများကို ဘာသာပြန်၍ရေး၊ ဝတ္ထု ကဗျာ၊ ပြဇာတ်စသော စာပေများနှင့် ပညာရပ်များကိုရေးကြရပေမည်။ ဝတ္ထု ကဗျာ၊ ပြဇာတ်များကို ပင်ကိုဉာဏ်ဖြင့် ရေးသောအခါ ရှေးဆန်သူများက ကလေးကလား စာရေးဆရာတွေဟု ပုတ်ခတ်ကြလိမ့်မည်။ ပုတ်ခတ်ကြပါစေ၊ ခြေတစ်လှမ်းမတုံ့ကြလင့်။ ရှေ့သို့သာတိုးတက်ကြအံ့။ ''တိုးတက်ရေးဆရာ''ဟု အမည်ယူ၍ တို့ဗမာပြည် လွတ်လပ်ရေး၊ ဆင်းရဲသား ချမ်းသာရေးကိုသာလုပ်ကြအံ့။ ကဲ့ရဲ့ပုတ်ခတ် သူတို့မှာ ''ကလေးကလား''ဟု ပြောကြရင်းပင် သချိုင်းမြေပုံတွင်းသို့ ကျ့ကျန်ရစ်ခဲ့ကြမည်သာဖြစ်လေသည်။

''တိုးတက်စာ''များကို ရေးသားသောအခါ ဗမာလူထုကြီးကို ညှဉ်းပန်းသူများကို နှိမ်နင်းရန်၊ ဗုဒ္ဓဘာသာနာမည်ကို အလွဲသုံးစားပြုကာ လိမ်လည်စားသောက်နေသူများကို အရှက်ခွဲရန်။ အဆင်ခြင်ဉာဏ်ကင်းမဲ့သော ချစ်မှုကြိုက်မှုများ၊ ရာဂမှုများ၊ လောကနှင့် တလန့်တကျင်၊ ဆန့်ကျင်သော အဖြစ်အပျက်များ ဖတ်လျှင် မရနိုင်သော၊ မဖြစ်သော ကိစ္စများကို တောင့်တလျက် ကျန်ရစ်စေမည့်စာများ၊ ကျွန်စိတ် ပေါက်စေမည့်စာများကိုရှောင်ရန်၊ လူထုကြီးဖြစ်သော တောင်သူအလုပ်သမား ဆင်းရဲသားများအကြောင်းကို အမှန်အတိုင်း ဖော်ပြရန်၊ သူတို့ကို အလင်းဉာဏ် ပေါက်အောင် သွန်သင်ရန် ''တိုးတက် စာရေးဆရာများ''သည် မမေ့ကြဖို့ဖြစ်သည်။ ''တိုးတက်စာရေးဆရာ''များသည်၊ ကိုယ်ကျင့်တ ရားကို ကောင်းစွာစောင့်ထိန်းလျက်၊ ဘယ်ဘက်မှ မပါဘဲ၊ ငါ့မြင်းငါစိုင်း ညောင်ကိုင်း ရောက် ရောက်ဆိုသလို တစ်ကိုယ်တည်း ထင်ရာ စိုင်းနေကြခြင်းကား မကောင်းသည်၏ အဖြစ်ကိုသိလျက် တိုင်းပြည်၏ လူထုကြီး ဆင်းရဲသားများ၏ အဖွဲ့အစည်းအရုံးများရှိပြီးလျှင် ရှိပြီးထဲသို့ ဝင်၍ မရှိသေးလျှင် ထိုအဖွဲ့မျိုးကို တည်ထောင်နေသူများအား အားပေးကူညီကြဖို့ပင်ဖြစ်သည်။

သို့အားဖြင့် ''တိုးတက်စာရေးဆရာ'' သည် များစွာသော ဝတ္တရား၊ များကို ဆောင်ရွက်၍ အားကျစရာ၊ နမူနာယူစရာ ရှိလေအောင်၊ သခင်ကိုယ်တော်မှိုင်း အမည်ခံ ဆရာလွန်း၏ အတ္ထုပ္ပတ္တိကို ရေးသားရခြင်းဖြစ်ပေသတည်း။

သိန်းဖေ
၁၂၉၉-ခု၊ ဝါခေါင်လပြည့်နေ့။
"စာရေးဆရာ သူပုန်ကြီးဆရာလွန်း"
ဤတွင်အတ္ထုပ္ပတ္တိနိဒါန်းကြီးပြီးပြီ။